## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန

**အမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုချက်**

အမှတ်၊ ၁ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၀ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်)

**ဝယ်ယူစဉ်တွင်ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်နုတ်ယူခြင်းနှင့်စပ်လျဉ်း၍ အမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုခြင်း**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၃၆၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဝယ်ယူစဉ်တွင် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်နုတ်ယူခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် နည်းလမ်းကို ရှင်းလင်းစွာ သိရှိနိုင်စေရန်အတွက် အမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်အကြောင်းအရာ**

၂။ ဤအမိန့်ပြန်ကြားရှင်းလင်းဖွင့်ဆိုချက်သည် အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချသူများက ဝယ်ယူစဉ်တွင်ပေးဆောင်ခဲ့ရသည့်အထူးကုန်စည်ခွန် နုတ်ယူခွင့်နှင့်စပ်လျဉ်း၍ ပြည်တွင်းအခွန်များဦးစီးဌာနက မည်ကဲ့သို့အမိန့်ပြန်ဖွင့်ဆိုကြောင်း ရှင်းလင်းအသိပေးချက် ဖြစ်ပါသည်။

**အကျိုးသက်ရောက်သူများ**

၃။ ဤထုတ်ပြန်ချက်သည် အထူးကုန်စည်ကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့တင်ပို့ရောင်းချသူ အခွန်ထမ်းများအပေါ် အကျိုးသက်ရောက်ပါသည်။

**သက်ဆိုင်ရာဥပဒေပြဋ္ဌာန်းချက်**

၄။ အထူးကုန်စည်ခွန်ဥပဒေတွင် -

(က) ပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၌ ထုတ်လုပ်သူဆိုသည်မှာ အထူးကုန်စည်များကို မိမိပိုင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတွင်ဖြစ်စေ၊ အခြားသူအားအပ်နှံ၍ဖြစ်စေ ထုတ်လုပ်သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

(ခ) ပုဒ်မ ၃၊ ပုဒ်မခွဲ (ပ) ၌ တင်ပို့သူ ဆိုသည်မှာ အထူးကုန်စည်များကို ပြည်ပသို့တင်ပို့သူကို ဆိုလိုကြောင်း ပြဋ္ဌာန်းထားပါသည်။

(ဂ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) ၌ အထူးကုန်စည်ကို ထုတ်လုပ်သူ သို့မဟုတ် တင်ပို့သူသည် ကျသင့်အခွန်မှ အထူးကုန်စည် ထုတ်လုပ်မှုနှင့် တင်ပို့မှုအတွက် အသုံးပြုရန် အထူးကုန်စည်တစ်မျိုးမျိုးကို ပြည်တွင်းသို့ ကိုယ်တိုင်တင်သွင်းစဉ်ကဖြစ်စေ၊ အခြားအထူးကုန်စည် ထုတ်လုပ်သူထံမှ

ကိုယ်တိုင်ဝယ်ယူစဉ်ကဖြစ်စေ ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်ကို ခုနှိမ်နိုင်ကြောင်း ပြဋ္ဌာန်းထားပါသည်။

(ဃ) ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ၌ အထူးကုန်စည် ထုတ်လုပ်မှု၊ တင်ပို့မှုများနှင့်စပ်လျဉ်း၍ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရန် အခွန်ခုနှိမ်ပေးသွင်းခြင်းကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားပါသည်။ (ယင်းသို့ခုနှိမ်ရာတွင် အထူးကုန်စည်ခွန်နည်းဥပဒေများ နည်းဥပဒေ ၄၆ နှင့် ၄၇ တို့တွင် ပြဋ္ဌာန်းထားသည့် အခွန်ခုနှိမ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။)

**လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်**

၅။ အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသူ သို့မဟုတ် ပြည်ပသို့ တင်ပို့ရောင်းချသူများသည် မိမိထုတ်လုပ်ရောင်းချမှု သို့မဟုတ် တင်ပို့ရောင်းချမှုအပေါ် ကျသင့်သည့် အထူးကုန်စည်ခွန်မှ ယင်းအထူးကုန်စည် ထုတ်လုပ်ရောင်းချမှုလုပ်ငန်း သို့မဟုတ် ပြည်ပတင်ပို့ရောင်းချမှုလုပ်ငန်း အလို့ငှာ ပေးဆောင်ခဲ့ရသည့် ပြည်တွင်းသို့ ကိုယ်တိုင်ဝယ်ယူတင်သွင်းသော အထူးကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်နှင့် ပြည်တွင်း၌ အထူးကုန်စည်ထုတ်လုပ်သူထံမှ ကိုယ်တိုင်ဝယ်ယူသော အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်တို့ကို ခုနှိမ်နိုင်ပါသည်။ ယင်းသို့ ခုနှိမ်နိုင်ရန်အတွက် သက်ဆိုင်ရာ အထူးကုန်စည်ထုတ်လုပ်ရောင်းချသူနှင့် တင်ပို့ရောင်းချသူတို့သည် အထူးကုန်စည်ခွန်ဥပဒေအရ မှတ်ပုံတင်ပြီးသူများ ဖြစ်ရန်လိုအပ်ပြီး အထူးကုန်စည်ခွန်နည်းဥပဒေများ နည်းဥပဒေ ၄၆ နှင့် ၄၇ တို့တွင် ပြဋ္ဌာန်းထားသည့် အခွန်ခုနှိမ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည် ဖြစ်ပါသည်။

၆။ လိုက်နာဆောင်ရွက်ရန် သတ်မှတ်ချက်ကို ပိုမိုရှင်းလင်းစွာသိရှိနိုင်ရန် အောက်ပါအတိုင်း ဥပမာဖြစ်စဉ်များဖြင့် ရှင်းလင်းဖော်ပြပါသည် -

**(က) နမူနာ-၁**

(၁) **ဖြစ်စဉ်။** ဦးဖြူသည် CC အမည်ရှိ စီးကရက် ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ပါသည်။ ၄င်းသည် ၂၀၁၈ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ဆေးရွက်ကြီး စိုက်ပျိုးထုတ်လုပ်သူ ဦးနီ ထံမှ စီးကရက် ထုတ်လုပ်ရာတွင် အသုံးပြုရန်အတွက် ဆေးရွက်ကြီးများ ဝယ်ယူခဲ့ပါသည်။ ဦးဖြူ နှင့် ဦးနီ တို့သည် အထူးကုန်စည်ခွန် ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ထားပါသည်။ ဦးဖြူသည် အဆိုပါ ဆေးရွက်ကြီးဝယ်ယူသည့် တန်ဖိုး ကျပ် ၂၁,၀၀၀,၀၀၀/- နှင့်အတူ အထူးကုန်စည်ခွန် ကျပ် ၁၂,၆၀၀,၀၀၀/- ကို ဦးနီသို့ ပေးချေခဲ့ရပါသည်။ ဦးဖြူသည် ဝယ်ယူခဲ့သော ဆေးရွက်ကြီးများအားလုံးကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ CC စီးကရက် ထုတ်လုပ်ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လအတွင်း အကုန်အစင်ရောင်းချနိုင်ခဲ့ရာ တစ်ဘူးလျှင် ကျပ် ၅၀၀/- နှုန်းဖြင့် စုစုပေါင်း ရောင်းရငွေ ကျပ် ၆၂,၄၀၀,၀၀၀/- ရရှိခဲ့ပါသည်။ ယင်းသို့ CC စီးကရက် ထုတ်လုပ်ရောင်းချရမှုအပေါ်တွင် အထူးကုန်စည်ခွန် ကျပ် ၉,၉၈၄,၀၀၀/- ကျသင့်မည်ဖြစ်ပါသည်။

(၂) **လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဦးဖြူသည်၎င်းဝယ်ယူခဲ့သော ဆေးရွက်ကြီးများအားလုံးကို အသုံးပြု၍ CC စီးကရက်ထုတ်လုပ်ခဲ့ပြီး ၂၀၁၈ ခုနှစ်၊ ဇွန်လအတွင်း အကုန်အစင်ရောင်းချနိုင်ခဲ့သဖြင့် ထုတ်လုပ် ရောင်းချရငွေ ကျပ်

၆၂၄၀၀၀၀ိ/- အပေါ်တွင် အလိပ် ၂၀ ပါ တစ်ဘူးရောင်းဈေး ကျပ် ၅၀၀/- တန်ဖိုး အဆင့်အတွက် တစ်လိပ်လျှင် အခွန် ၄ ကျပ်နှုန်းဖြင့် ကျသင့်သည့် အထူးကုန်စည်ခွန် ကျပ် ၉,၉၈၄,၀၀ိ/- ဖြစ်ပါသည်။ အဆိုပါ ကျသင့်သည့် အထူးကုန်စည်ခွန် ကျပ် ၉,၉၈၄,၀၀ိ/- မှ စီးကရက်ထုတ်လုပ်ရာတွင် အသုံးပြုခဲ့သည့် ဆေးရွက်ကြီးများ ဝယ်ယူစဉ်က ပေးချေခဲ့ရသည့် အထူးကုန်စည်ခွန် ကျပ် ၁၂,၆၀၀,၀၀၀/- ကို ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ စည်းကြပ်မှုဆောင်ရွက်ရာတွင် ခုနှိမ်ခွင့်ရရှိမည်ဖြစ်ပါသည်။ ယင်းသို့ ခုနှိမ်ရာတွင် ကုန်ကြမ်းပစ္စည်းဖြစ်သည့် ဆေးရွက်ကြီးများ ဝယ်ယူစဉ်က ပေးချေခဲ့ရသည့် အထူးကုန်စည်ခွန်က CC စီးကရက်ထုတ်လုပ်ရောင်းချခြင်းအတွက် ကျသင့်သည့် အထူးကုန်စည်ခွန်ထက် ကျပ် ၂,၆၁၆,၀၀၀/- ပိုမိုနေသဖြင့် စီးကရက်ထုတ်လုပ်ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန် ထပ်မံပေးဆောင်ရန် မလိုပါ။ အဆိုပါပိုငွေကို ဝင်ငွေခွန်တွက်ချက်ရာတွင် အသုံးစရိတ်အဖြစ် ခွင့်ပြုနုတ်ပယ်ပေးပါမည်။

**(ခ) နမူနာ-၂**

(၁) **ဖြစ်စဉ်။** ကုမ္ပဏီ A သည် ပြည်တွင်း၌ထုတ်လုပ်သူ ကုမ္ပဏီ B ထံမှ ဘီယာအမျိုးမျိုးကို ကိုယ်တိုင်ဝယ်ယူပြီး ပြည်ပသို့ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်ပို့ရောင်းချသော ကုမ္ပဏီဖြစ်ပါသည်။ ကုမ္ပဏီ A နှင့် ကုမ္ပဏီ B တို့သည် အထူးကုန်စည်ခွန် ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ထားပါသည်။ ကုမ္ပဏီ A သည် အဆိုပါ ဘီယာအမျိုးမျိုးကို ၂၀၁၈ ခုနှစ်၊ မေလ ၁၀ ရက်နေ့တွင် ဝယ်ယူခဲ့ရာ ကျသင့်သည့်တန်ဖိုးငွေ ကျပ် ၆,၀၀၀,၀၀၀/- နှင့်အတူ အထူးကုန်စည်ခွန် ကျပ် ၃,၆၀၀,၀၀၀/- ကို ကုမ္ပဏီ B သို့ ပေးချေခဲ့ရပါသည်။ ကုမ္ပဏီ A သည် ဝယ်ယူခဲ့သော ဘီယာအမျိုးမျိုးကို ၂၀၁၈ နှစ်၊ ဩဂုတ်လအတွင်း တင်ပို့ရောင်းချခဲ့ရာ စုစုပေါင်းရောင်းရငွေကျပ် ၉,၄၀၀,၀၀၀/- ရရှိခဲ့ပါသည်။

(၂) **လိုက်နာဆောင်ရွက်ရန်သတ်မှတ်ချက်ကိုကျင့်သုံးခြင်း။** ဘီယာအမျိုးမျိုးကို ပြည်ပသို့ တင်ပို့ရောင်းချသည့်ကာလနှင့်သက်ဆိုင်သည့် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) ပါပြဋ္ဌာန်းချက်အရ ဘီယာအမျိုးမျိုးသည် ပြည်ပသို့တင်ပို့ရောင်းချခြင်းအတွက် အထူးကုန်စည်ခွန်မကျသင့်ပါ။ ဘီယာအမျိုးမျိုး ပြည်ပသို့ တင်ပို့ရောင်းချမှုအပေါ် အထူးကုန်စည်ခွန် မကျသင့်သဖြင့် ကုမ္ပဏီ A သည် ဘီယာအမျိုးမျိုး ပြည်ပသို့ တင်ပို့ရောင်းချမှု အပေါ်တွင် ထုတ်လုပ်သူ ကုမ္ပဏီ B ထံမှ ဝယ်ယူစဉ်က ပေးချေခဲ့ရသည့် အထူးကုန်စည်ခွန် ကျပ် ၃,၆၀၀,၀၀၀/- ကို ခုနှိမ်ခွင့် မရှိပါ။ အဘယ်ကြောင့်ဆိုသော် ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) တွင် “ အထူးကုန်စည်ခွန်မကျသင့်စေရ ” ဟူသော ပြဋ္ဌာန်းချက်သည် “ အထူးကုန်စည်ခွန်ကင်းလွတ်ခွင့်ပြုသည် ” ဟု အဓိပ္ပာယ်သက်ရောက်ခြင်းကြောင့် ဖြစ်ပါသည်။ ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ) ပါ “ သုညရာခိုင်နှုန်းဖြင့် ကုန်သွယ်လုပ်ငန်းခွန် ကျသင့်စေရမည် ” ဟူသော ပြဋ္ဌာန်းချက်နှင့် အဓိပ္ပာယ် တူညီမှုမရှိကြောင်း သတိပြုရမည်ဖြစ်ပါသည်။ ယင်းသို့ သုညရာခိုင်နှုန်းဖြင့် အခွန်ကျသင့်စေခြင်းသည် အခွန်ခုနှိမ်ခွင့်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ “ အခွန်မကျသင့်စေရ ” ဟူသော

ပြဋ္ဌာန်းချက်သည် အခွန်စုနှိမ်ခွင့်မပြုလိုသည့် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ထားခြင်း ဖြစ်ကြောင်း ရှင်းလင်းဖွင့်ဆိုပါသည်။

၇။ ဤအမိန့်ပါ ရှင်းလင်းဖွင့်ဆိုချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်
11.1.2019

စာအမှတ်၊ ၁(၆)/ ဥစ-၁/ ပတခ/ ၂၀၁၉ (၆၀၃)

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ဇန်နဝါရီ လ ၁၆ ရက်

**<u>ဖြန့်ဝေခြင်း</u>**

မြန်မာနိုင်ငံစာရင်းကောင်စီ

ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး
ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၁)၊(၂)၊(၃)
တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)
ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး
} သက်ဆိုင်ရာအခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြားပေးပို့ပါသည်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ